နှင်းစုံကျေးရွာ
ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နှင်းစုံကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

မာတိကာ

စကားချီး

နှင်းစုံကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နှင်းစုံကျေးရွာ

ရေးမြို့နယ်

နှင်းစုံကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နှင်းစုံကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ နှင်းစုံကျေးရွာ အုပ်စုတွင်တည်ရှိပါသည်။ ရေး-မော်လမြိုင် အဝေးပြေးလမ်းမကြီးဘေးတွင်တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊ မွန်စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မွန်လူမျိုးမှာ လူနည်းစုဖြစ်ပါသည်။ ကျေးရွာသည်ကုန်းမြင့်မြေပြန့်ဖြစ်၍ မိုးကာလရေလွှမ်းမှုမခံရသော်လည်း မိုးမမှန်ပါကကုန်းပိုင်းလယ်များရေတံမှုကြုံတွေ့ရလေ့ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှုရှိပါသည်။ နှစ်စဉ်မိုးရေချိန်လက်မ(၈၀)ခန့်ရရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၉၉.၅) ဧက၊ ဥယျာဉ်ခြံမြေ (၄၂.၅၀) ဧကနှင့် သီးနှံများ မစိုက်ပျိုးသည့် မြေလွတ်မြေလပ်မ ရှိပါ။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်ချောင်းရှိပြီး မြောက်ဘက်မှစီးဆင်းလာပြီး ရွာ၏တောင်ဘက်အစွန်မှ အနောက်ဘက်သို့ကွေ့လျှက် ပင်လယ်ဘက်ဆီသို့စီးဆင်းသွားပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေး အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ စာပေယဉ်ကျေးမှုအဖွဲ့အပြင် ယခုအခါကျေးရွာဖွံ့ဖြိုး ရေးကော်မတီကိုပါဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်းအားလုံးသည်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ် ဆောင်နေကြပါသည်။ မိဘဆရာအသင်းနှင့် ပူးပေါင်း၍ ပညာရေးကျောင်း အကျိုးတော် ဆောင်အဖွဲ့သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပြီး ကျေးရွာလူထုနှင့်ပူး

ပေါင်း၍ တိုင်းရင်းသားကရင်စာပေစာပေတိုးတက်ပြန့်ပွားရေး ၊ကရင်နှစ်သစ်ကူးပွဲတော်များကျင်းပရေး၊ ကရင်ရိုးရာဒုံးအကများ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျေးရွာလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ ကျန်းမာကြံ့ခိုင်မှုရှိရေး၊ ရည်မှန်းချက်ထားကာ တတ်သိပညာရှင်များကို ဖိတ်ကြား၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဟောပြောပွဲများကျင်းပပေးခြင်း၊ အားကစားပွဲများကျင်းပပေးခြင်းတို့ကိုပါဝင်ဆောင်ရွက်နေကြပါသည်။ ထို့အပြင် မွန်ရိုးရာ ယဉ်ကျေးမှုအဖွဲ့လည်း ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း နှင်းစုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

နှင်းစုံကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၄) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၇) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၆) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၂) အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ ရော်ဘာခြံ၊ကွမ်းသီးခြံများဖြစ်ပြီး စပါးစိုက်လယ်များမှာနည်း ၍ စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၃၀) တင်းသာထွက်ရှိ၍ ဝမ်းစာဖူလုံမှုရှိရုံသာဖြစ်ပါသည်။ ရော်ဘာထုတ်လုပ်မှုမှာ တစ်နှစ်လုံးတွင် (၆)လခန့်သာထုတ်နိုင်ပါသည်။ ရော်ဘာမျိုးမှာ ယခင်ကအရိုင်းမျိုးများသာ စိုက်ပျိုးခဲ့ကြပြီး ယခုအခါမျိုးကောင်းမျိုးသန့် ကိုင်းကူးကိုင်းဆက်ပင်များ အစားထိုးစိုက်ပျိုးလာကြပါသည်။ ကျေးရွာတွင်ပြည်ပထွက်အလုပ်လုပ်သူများပြားလာခြင်းကြောင့် လုပ်သားရှားပါးမှုဖြစ်ပေါ်ကာ လုပ်အားခစျေးနှုန်းကြီးမြင့်လာပြီး စိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်လာပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ

ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး နွားကောင်းရေ (၁၂) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၁၃) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဆိတ် (၁၅) ကောင်၊ အိမ်ထောင်စု (၁၄) အိမ်မှ ဝက် (၇၀) ကောင်၊ အိမ်ထောင်စု (၁၈) အိမ်မှ ကြက် (၁၇၇) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်စသည့် စားသောက်ဆိုင်လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက် အသင့်အတင့်ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှု အနေဖြင့်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ခြံသမားများနှင့် လယ်သမားများအား ချေးငွေရရှိမှုမရှိသေးပါ။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း(၁၀) ရာခိုင်နှုန်းထိချေးယူ

နေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသောကာလရှည်ချေးငွေ များရရှိရန်လို လားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၇၅) စီး၊ ကား (၃) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၁) လမ်းနှင့် မြေသားလမ်း (၁၃) လမ်းရှိပြီး ကွန်ကရစ်လမ်းကို ကျေးရွာကျောင်းထိုင်ဘုန်းကြီးမှမတည်၍ ကျေးရွာမှလုပ်အားများ၊ ငွေ အားများဖြင့် အားတက်သရောလုပ်ဆောင်ကြခြင်း စသည်တို့ကြောင့် ကိုယ်ထူကိုယ်ထလမ်း ဖောက်လုပ်ရာတွင် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ ကတ္တရာလမ်းမှာ မော်လမြိုင်-ရေးကားလမ်းမကြီးဘေးတွင်တည်ရှိပြီး သွားလာရအဆင်ပြေပါသည်။ မြေသား လမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးကွာလွန်းသဖြင့် ဆိုလာစနစ်အသုံး ပြုနေကြသည့် အိမ်ထောင်စု(၁၀) စုရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများစွာ ရှိကြပြီး လျှပ်စစ်မီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု(၂၅) စုရှိပါသည်။ လျှပ်စစ်မီးမရှိသေးသည့် အတွက်ကျောင်းသားများ စာကြည့်ရာတွင်လည်း အခက်အခဲရှိနေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နှင်းစုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၆၁) လုံး၊ တီဗွီ (၉) လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များ လည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

နှင်းစုံကျေးရွာတွင် အလယ်တန်းအဆင့်ပညာရေးကိုသင်ကြားနိုင်ပြီး အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်များကို လမိုင်းမြို့တွင် ဆက်လက်ပညာသင်ယူကြပါ

သည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ အလယ်တန်းကျောင်းတွင် ကျောင်းနှစ်ဆောင်ရှိပြီး လက်ရှိကျောင်းဆောင်မှာ မျက်နှာကျက်နှင့် ခန်းဆီးအကာများမရှိပါ။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် တစ်စတစ်စတိုးတက်လာပြီး နှစ်စဉ်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများလည်း များပြားလာပါသည်။ ကျေးရွာတွင် အများစုမှာ အခြေခံအရေးအဖတ်သာ တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရများလည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ပြည်ပထွက်အလုပ်လုပ်ကိုင်သူများ များပြားလျက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

နှင်းစုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး သူနာပြုသားဖွားဆရာမ (၁)ဦးရှိပါသည်။ထို့ကြောင့် အမျိုးသမီးများကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးများရှိပြီးကလေးများအတွက်လိုအပ်သည့် ကာကွယ်ဆေးများအားထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ်နိုဝင်ဘာလတွင် ကျေးရွာရှိကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးလာရောက်ထိုးနှံပေးခဲ့ပါသည်။ လမိုင်းမြို့နှင့်နီးပြီးအလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် လမိုင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို ကျေးလက်ဦးစီးဌာနမှ တူးဖော်ပေးသောစက်ရေတွင်းမှ ပိုက်လိုင်းသွယ်ယူပြီး ဘုန်းကြီးကျောင်းတွင် ရေစုကန်တည်ဆောက်ပြီး ကိုယ်ထူကိုယ်ထ အိမ်တိုင်ယာရောက် ရေးပေးဝေရေးစနစ်ဖြင့်အသုံးပြုနေကျပါသည်။ လက်တူးတွင်းများဖြင့်လည်း အသုံးပြုကြပြီး နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် ရေအခက်အခဲများရှိပါသည်။ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

နှင်းစုံကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့်၄င်း

အိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

နှင်းစုံကျေးရွာ၏ အနောက်ဘက်တွင် ကျောက်ထုတ်စခန်းရှိပြီး ကုမ္ပဏီပိုင်ဖြစ်ပါသည်။သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိသော်လည်း ပဒက်စာရရန်အတွက်တစ်ခါတစ်ရံတောမီးများရှို့သဖြင့် သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိပါသည်။ မိုးရာသီတွင်ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တီဗီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည်ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

နှင်းစုံကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်းကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်းအကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

ကျေးရွာ	- နှင်းစုံ
ကျေးရွာအုပ်စု	- နှင်းစုံ
မြို့နယ်	- ရေး
တိုင်းဒေသကြီး / ပြည်နယ်	- မွန်ပြည်နယ်
စီမံချက်အမည် - နှင်းစုံကျေးရွာ စာသင်ကျောင်းဘေးလမ်း (၄၀၀' × ၁၃' × ၈") ကျောက်ကျောလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။၄င်းလမ်းပေါ်ရှိ ရေပြွန်တံတား(၂)စင်းအား ကွန်ကရစ်တံတား(၂)စင်း (၂ × ၄' ၆"× ၁၅' × ၃') ပြောင်း လဲတည်ဆောက်ခြင်း။	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ယခုလက်ရှိ စာသင်ကျောင်းဘေးလမ်းမှာ အသွားအလာအများဆုံးလမ်းဖြစ်ပြီး မြေသားလမ်းဖြစ်သည့် အတွက် မိုးတွင်းအခါတွင် လမ်းပေါ်ရေကျော်ကာဖွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရခက်ခဲစေပါသည်။ • နွေအခါတွင်လည်း ခြံကားများ၊ဆိုင်ကယ်များ အမြဲမပြတ်သွားလာနေသည့်အတွက် ဖုန်မှုန့်များကျောင်း	

ဝန်းအတွင်းဝင်ရောက်၍ ကလေးများကျန်းမာရေးထိခိုက်စေပါသည်။

- မြေသားလမ်းဖြစ်သည့်အတွက် မိုးတွင်းအခါတွင် ဗွက်များ၊ချိုင့်များဖြစ်ပေါ်နေသောကြောင့် ကျေးရွာသူ/သားများ၊ ခြံသမားများ၊ရဟန်းသံဃာတော်များလည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။
- ၄င်းလမ်းပေါ်ရှိ ရေပြွန်များမှာပျက်စီးနေသဖြင့် မိုးရွာလျှင်အမှိုက်များပိတ်ဆို့၍ ရေလျှံခြင်းများ၊ ရေဝပ်ခြင်းများဖြစ်စေပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- နွေအခါတွင်လည်းကျောင်းသား/သူများ ဖုန်မှုန့်များကင်းဝေးစေပြီးကူးစက်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမဖြစ်ပေါ်စေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် အဆင်ပြေစေရန်နှင့် ကျေးရွာသူ/သားများသွားလာမှု အဆင်ပြေစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ရွံ့ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်ဖြစ်ပြီး ကျောင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပလာမည်ဖြစ်ပါသည်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲ မရှိခြင်း ၊ဖုန်မှုန့်များကင်းဝေးသဖြင့်ရောဂါကျရောက်မှုအန္တရယ်ကင်းဝေးစေပြီး ကျောင်းပျက်နှုန်း နည်းလာပြီးပညာတတ်မြောက်သူဦးရေများလာမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- နှင်းစုံကျေးရွာ ကျောင်းဘေးလမ်း (၄၀၀'× ၁၃'× ၈") ကျောက်ကျောလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။
- ၄င်းလမ်းပေါ်ရှိ ရေပြွန်တံတား(၂)စင်းအား ကွန်ကရစ်တံတား(၂)စင်း(၂ × ၄' ၆"× ၁၅' × ၃') ပြောင်းလဲတည်ဆောက်ခြင်း။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • ၃၉၀၀၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • နှင်းစုံကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၆၇	၄၇၅	၉၄၂	၂၅	၆၀	၂၁	၄၀	၁၄၆
အကျိုးခံစားမည့်သူ ဦးရေ	၄၆၆	၄၇၈	၉၄၄	၂၅	၅၀	၅၁	၂၀	၁၄၆

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • နှင်းစုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ • မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • နှင်းစုံကျေးရွာ စာသင်ကျောင်းဘေးလမ်း နှင့် ၄င်းလမ်းပေါ်ရှိ ရေပြွန်တံတား(၂)စင်းအား ကွန်ကရစ်တံတားပြောင်းလဲတည်ဆောက်ရာတွင် ကျေးရွာမှလိုအပ်သော လုပ်အားများထည့်ဝင်ပါမည်။ • လိုအပ်ပါက ငွေကြေးအသင့်အတင့်ထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • ကျေးရွာရပ်မိ/ရပ်ဖနှင့် လမ်းကော်မတီတို့ညှိနှိုင်း၍ လမ်းခံနိုင်ဝန်တန်သတ်မှတ်ခြင်း သတ်မှတ်ထားသောလမ်းခံနိုင်ဝန်တန်အား ဆိုင်းဘုတ်စိုက်ထူခြင်း၊ လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။ • ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူလမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)

ကျေးရွာ	– နှင်းစုံ
ကျေးရွာအုပ်စု	– နှင်းစုံ
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – စာသင်ကျောင်းဆောင်မျက်နှာကျက်တပ်ဆင်ခြင်းနှင့် ခန်းဆီးကာရံခြင်း။	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • နှင်းစုံကျေးရွာသည် အလယ်တန်းအဆင့်ပညာရေးဖြစ်ပြီး တစ်ထပ်တိုက်စာသင်ဆောင်(၂)ဆောင်နှင့် မူကြိုဆောင်(၁)ဆောင်ရှိပါသည်။ • စာသင်ဆောင်များတွင် မျက်နှာကျက်များတပ်ဆင်ထားခြင်းမရှိသဖြင့် ကျောင်းသူ/သားများနှင့် ဆရာ/	

ဆရာမများ အပူဒဏ်ခံစားနေရပါသည်။

- စာသင်ဆောင်များတွင် ခန်းဆီးအကာများမရှိသဖြင့် စာသင်ကြားရာတွင် အနှောက်အယှက်ဖြစ်ခြင်းကြောင့် အတန်းလိုက်အထပ်သားဖြင့် အခန်းဖွဲ့ပေးရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- မူကြို၊မူလတန်း၊အလယ်တန်းကျောင်းသား/သူများနှင့်ဆရာ/ဆရာမများအတွက် မျက်နှာကျက်တပ်ဆင်ပေးခြင်းဖြင့် ရာသီဥတုဒဏ်မှကင်းဝေးစေရန်။
- စာသင်ဆောင်များတွင် ခန်းဆီးအကာများပြုလုပ်ပေးခြင်းဖြင့် စာသင်ကြားရာတွင် အနှောက်အယှက်ဖြစ်ခြင်းမှ ကင်းဝေးစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- စီမံချက်အကောင်အထည်ပေါ်ပါက အတန်းလိုက်သင်ထောက်ကူပစ္စည်းများထားနိုင်ခြင်း၊ ကလေးများအခြားအတန်းသို့ အာရုံမပြန့်လွင့်ခြင်း၊ စာသင်ကြားရာတွင် ပိုမိုစိတ်ဝင်စားစေပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- မူကြိုဆောင် (၄၀'× ၃၀')မျက်နှာကျက်တပ်ဆင်ခြင်း၊
- မူလတန်းဆောင် (၁၂၀'× ၃၀') မျက်နှာကျက်တပ်ဆင်ခြင်းနှင့် (၁၀'× ၂၀')×၄ အထပ်သားခန်းဖွဲ့(ခန်းဆီး)ကာရံခြင်း၊
- အလယ်တန်းဆောင် (၉၀'× ၃၀') မျက်နှာကျက်တပ်ဆင်ခြင်း၊ (၁၀'× ၂၀')×၄ အထပ်သားခန်းဖွဲ့(ခန်းဆီး)ကာရံခြင်း။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • နှင်းစုံကျေးရွာ •
•	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၆၇	၄၇၅	၉၄၂	၂၅	၆၀	၂၁	၄၀	၁၄၆
အကျိုးခံစားမည့်သူ ဦးရေ	၄၆၆	၄၇၈	၉၄၄	၂၅	၅၀	၅၁	၂၀	၁၄၆
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- နှင်းစုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ပညာရေးဦးစီးဌာန

• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • နှင်းစုံကျေးရွာ စာသင်ကျောင်းမျက်နှာကျက်တပ်ဆင်ခြင်းနှင့် ခန်းဆီးကာရံခြင်းပြုလုပ်ရာတွင် ကျေးရွာမှ လုပ်အားနှင့်လိုအပ်သောငွေကြေးများထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • စာသင်ဆောင်မျက်နှာကျက်နှင့် ခန်းဆီးအကာများ ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကျောင်းအုပ်ဆရာ/ဆရာမကြီးမှ ဦးဆောင်၍လုပ်ဆောင်သွားပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)

ကျေးရွာ	– နှင်းစုံ
ကျေးရွာအုပ်စု	– နှင်းစုံ
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – ကျေးရွာအားကစားရုံဆောက်လုပ်ခြင်းနှင့် အားကစားကွင်းမြေနေရာပြုပြင်ခြင်း။	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • နှင်းစုံကျေးရွာတွင် အားကစားရုံတည်ဆောက်ရန် မြေနေရာရှိသော်လည်း အားကစားပြုလုပ်ရန် အားကစားရုံမရှိခြင်းကြောင့် လူငယ်များအတွက် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအလွန်နည်းပါးပါသည်။ • ကျေးရွာလူထုနှင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရေးအားကစားထူးချွန်သူများပေါ်ထွက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နိုင်ရေးတို့အတွက် အားကစားသည်လွန်စွာအထောက်အကူပြုစေပါသည်။	

- လူငယ်များလေလွင့်ခြင်း၊အရက်သေစာသောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန်အတွက်အားကစားရုံတည်ဆောက်ခြင်းနှင့်အားကစားကွင်းပြုပြင်ခြင်းအားကစားပွဲများကျင်းပပေးခြင်းတို့သည် ပြုလုပ်ပေးရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- နှင်းစုံကျေးရွာတွင် အားကစားရုံဆောက်လုပ်ပြီးစီးပါက အားကစားဦးစီးဌာနနှင့်ချိတ်ဆက်၍ အားကစားထူးချွန်သူများ ပေါ်ထွက်လာစေရန်။
- လူငယ်များမူးရစ်ဆေးဝါးသုံးစွဲမှုကင်းဝေးစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- နှင်းစုံကျေးရွာ အားကစားရုံဆောက်လုပ်ခြင်းဖြင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေပြီး ပူးပေါင်းဆောင်ရွက်တတ်ခြင်း ၊ခေါင်းဆောင်မှုအရည်အသွေးမြင့်မားစေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းဝေးလာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- အားကစားရုံတည်ဆောက်၍ အားကစားအထောက်အကူပြုပစ္စည်းများတပ်ဆင်ခြင်း။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • နှင်းစုံကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၆၇	၄၇၅	၉၄၂	၂၅	၆၀	၂၁	၄၀	၁၄၆
အကျိုးခံစားမည့်သူ ဦးရေ	၄၆၆	၄၇၈	၉၄၄	၂၅	၅၀	၅၁	၂၀	၁၄၆
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- နှင်းစုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- နှင်းစုံကျေးရွာ အားကစားရုံတည်ဆောက်ခြင်းမြေနေရာနှင့် ကျေးရွာလုပ်အားထည့်ဝင်ပါမည်။

- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- အားကစားရုံနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်မိရပ်ဖတို့မှဦးဆောင်၍ လုပ်ဆောင်သွား ပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့်ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိလူငယ်များမှ အားကစားခပေးဆောင်စေခြင်းဖြင့် ဆောင်ရွက်သွားပါမည်။

နှင်းစုံကျေးရွာ၊ နှင်းစုံကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁						
၂						
၃						
၄						
၅	ဦးဝင်းချစ်ချစ်	ဦးစိန်ဖေ	၁၀/ရမန (နိုင်) ၁၃၃၃၆၇	၅၃	ဥက္ကဋ္ဌ	၀၉၄၄၂၇၃၃၃၅
၆	ဦးမြင့်ဖေ	ဦးအောင်ထွန်း	၁၀/ရမန (နိုင်) ၀၂၉၂၀၇	၄၆	အတွင်းရေးမှူး	၀၉၇၆၃၂၆၁၃၄၃
၇	ဒေါ်အိစော	ဦးစောသန်း	၁၀/လမန (နိုင်) ၀၀၀၂၁၄	၃၈	ဘဏ္ဍာရေးမှူး	၀၉၂၆၂၈၆၅၁၀၄
၈	ဦးသန်းလေး	ဦးလှဖေ	၁၀/ရမန (နိုင်) ၀၂၉၆၄၁	၅၀	စာရင်းကိုင်	၀၉၉၇၃၀၈၃၇၃၅
၉	ဒေါ်ပန်းနွယ်	ဦးကျော်ဆွေ(ခ) ဦးပေါ်ခို	၁၀/ရမန (နိုင်) ၀၂၉၁၀၉	၄၄	အဖွဲ့ဝင်	-
၁၀	ဦးမင်းအောင်	ဦးရွှေဟင်း	၁၅/ရမန (နိုင်) ၁၅၀၉၀၅	၄၁	အဖွဲ့ဝင်	၀၉၉၅၈၂၄၀၂၁၂
၁၁	ဒေါ်အေးနွယ်	ဦးလှထို	၁၀/ရမန (နိုင်) ၀၂၉၅၂၉	၄၄	အဖွဲ့ဝင်	၀၉၄၅၆၁၁၉၂၂၀

နောက်ဆက်တွဲ (၂)

နှင်းစုံကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ
၁	**အခြေခံအဆောက်အဦ**				
	• ရွာတွင်းလမ်း မကောင်းခြင်း။	• မြေသားလမ်း ဖြစ်နေခြင်း၊ • ငွေကြေး ချို့တဲ့ခြင်း၊	• ကျောက်များရရှိနိုင်ခြင်း	• ငွေကြေးမလုံလောက်ခြင်း။	• ကျေးရွာဆပ်ကော်စည်းပြီး ကျေး/ဌာနနှင့် ချိတ်ဆက်ရွက်ခြင်း။
၂	**ပညာရေး**				
	• နွေရာသီတွင်အပူဒဏ် ခံစားရခြင်း၊	• ကျောင်းအဆောက်အဦ မျက်နှာကျက်မရှိခြင်း၊	• ငွေကြေးထည့်ဝင်နိုင်ခြင်း၊	• ကျေးရွာမှငွေကြေးအလုံလောက်မတက်နို	• ပညာရေးဌာနနှင့်ဆက်၍လိုအပ်ချ

နောက်ဆက်တွဲ (၂)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ
	• စာသင်ကြားရာတွင်ဆူညံခြင်း၊	• ခန်းဆီးအကာမရှိခြင်း။	• လုပ်အားပါဝင်နိုင်ခြင်း၊	ခြင်း။ • ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနသို့ထိရောက်စွာတင်ပြနိုင်မှုမရှိခြင်း။	တင်ပြတောင်းခံ • ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ဆောင်ရွက်ခြင်း
၃	**လူငယ်ဖွံ့ဖြိုးရေး**				
	• မြေနေရာရှိသော်လည်းအားကစားရုံမရှိခြင်း	• ဆင်းရဲခြင်း။ • အားကစားလုပ်ရန်နည်းပညာအားနည်းခြင်း။	• လူငယ်များအားကစားစိတ်ဝင်စားမှုရှိခြင်း။	• ငွေကြေးမတက်နိုင်ခြင်း။	• နေရာကျယ်ကျ တန်ဘိုးကြီးပစ္စည် လိုသည့်အားက များမှစတင်၍လူ များအားကစားမှ ပ်လာအောင်စီစ ခြင်း၊(ဘောလုံး၊ ပင်ပေါင်းခြင်းလုံ ရင်၊ ဖူဆယ်စသ • မူးယစ်ကင်းစင် ဖြစ်အောင်စီစဉ် ခြင်း • ထူးချွန်လူငယ်မ သိအမှတ်ပြုခြင် ရေး၊အားကစား မှုရေးစွမ်းဆောင် အတွက်ဂုဏ်ပြု ခြင်း)
၄	**စိုက်ပျိုးရေး (သီးနှံ)**				
	• နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း။ • ရောဂါကျရောက်ခြင်း။	• နည်းပညာဝန်ဆောင်မှုအားနည်းခြင်း။ • ခြံသန့်ရှင်းရေးအားနည်းခြင်း။	• စိုက်ပျိုးရေးဌာနရှိခြင်း၊ • စိုက်ပျိုးရေးကုမ္ပဏီများရှိခြင်း။	• ကွင်းဆင်းဝန်ထမ်းနည်းခြင်း • ကုမ္ပဏီများ မိမိဆေးရောင်းရရေးသာအလေးထားခြင်း	• ဝန်ဆောင်မှုပြည နိစိုက်ပျိုးရေးဌာ ပုဂ္ဂလိကအဖွဲ့အ များ အားချိတ်ဆ ဆောင်ရွက်။ • မြို့နယ်အဖွဲ့အစ ၏ အကူအညီဖြ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ
					ကြီးသွင်းအားစု လက်လှမ်းမီအေ ချိတ်ဆက်ခြင်း • မြို့နယ်အဖွဲ့အစ ၏အကူအညီဖြ ရေးအစီအစဉ်မျ ဆောင် ရွက်ခြင်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၇	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၇	၅	၂၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၅	၅၂	၉၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၃	၄၀	၈၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၄၀	၃၅၄	၆၉၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၉	၃၅
စုစုပေါင်း		၄၆၆	၄၇၈	၉၄၄
စုစုပေါင်း အိမ်ထောင်စု				၁၄၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

